
ကိုဖိုးဆိတ် ဘယ်လဲဗျ
ကွင်းထဲ သွားမလို့
ဘယ် ဖြစ်ဖြစ်
ဖြူသီးသည် သွက်လက်၍ မိတ်ဆွေဖွဲ့ကောင်းသော ခွေးကလေးဖြစ်၏။
ဟင် - ခါတိုင်းဆိုယင် ငါလာယင် ဝင်း၀ က - ထွက်လာပြီး ကြိုပါတယ် – ဒီနေ့ - ဘယ်များ သွားနေပါ လိမ့်
ဖြူသီး
ဖြူသီးရေ
ထိုနေ့တွင် မသီတာ ကျောင်းမှပြန်လာစဉ် ဖြူသီးကို ခါတိုင်းလိုမတွေ့သဖြင့်–
အမယ် - ဟော့ကောင်။ မင်း - ဒီချောင်ထဲ ဘာလါလုပ် နေတာ လဲ
လိုက်ရှာရာ တံခါးကြားထဲ၌ ကုပ်ကုပ်လေး ထိုင်နေသည်ကို တွေ့၍
ကြည့်ရာ.... လက်တွင် ဆူးစူးနေသည်ကို တွေ့သောကြောင့် ကုသပေးလေသည်။
လက်နာပျောက်ပြီးနောက် ခြံထဲ၌ ကစား နေစဉ် ရိပ်ခနဲမြင်လိုက်ရ၍
ဟဲ့ - - ချုံထဲဝင်သွားတာ ယုန်ခုက်ကလေးနဲ့ တူတယ် - ဟဲ့
လိုက်ဖမ်း ရယင်ပျော်မှာပဲ။ အသားလေး ချောင်း လိုက်အုံးမှ


ဟင်
ဒါ-ကိုဖြူသီးအသံဘဲ
တနေ့တွင် ကျီးညိုတို့ ကစားနေကြစဉ်....
ဟာ - ကိုဖြူသီး ဘယ်လိုဖြစ်တာလဲ
ကားတိုက်သွားလို့။ နာလိုက်တာ-ကျွတ်ကျွတ်
ကျနော် ဘယ်လို ကူညီရမလဲ
ငါ့-လမ်းမလျှောက်နိုင်ဘူး။ ထလို့တောင် မရဘူး။ မင်းတို့ငါ့ လည်ပတ်ကိုကိုင်ဆွဲ ပြီး လမ်းဘေးပို့ပေး ပါလား
ကျီးညိုနှင့်အပေါင်းပါတို့ ထိုးဆင်းသွားပြီး
ဆွဲ
ဆွဲ
အေး-ဟုတ်ပြီ-ဆွဲ အား ကျွတ်ကျွတ်
လိုအပ်သော အကူအညီကို ပေးကြသည်။
ဟဲ့ - အေ့ ကျီးညိုရယ် - နင်ဘာလို့ငါ့ကို ပတ်ချာလည် လှည့်ပျံပြီး - အင်္ကျီစကို လာလာ ဆွဲနေရတာလဲ ဟဲ့။
အမလေးသိ ဖြူသီးရယ်
ဟင်
ထို့နောက် ကျီးညိုသည် မသီတာထံ ပြေးပြီး သတင်းပို့လေသည်။
---ကိစ္စမရှိပါဘူး။ ခြေတဖက် ကျိုးသွားပါတယ် ကျပ်စည်းထားယင်-ကောင်းသွားမှာပါ။ ဘာမှ စိုးရိမ်စရာ မရှိပါဘူး
မသီတာသည် ဖြူသီးကို ပွေ့ယူလာပြီး အိမ်တွင် တိရစ္ဆာန်ဆရာဝန်နှင့် ပြသရာ ကျိုးသွားသောခြေကို ကုသပေးလေ၏။
အင်း.. အဲ့ကျီးညိုနဲ့ ငါဟာ-တကောင်ကျေးဇူး တကောင်မှာ ရှိ တယ်။ မိတ်ဆွေစစ် မိတ်ဆွေ မှန်ဘဲ။
ဖြူသီးသည် ခြေနာ သက်သာလာပြီးနောက် နေ့စဉ် ခြံစည်းရိုးအနီး၌ အရိုးတချောင်း သွားချထားလေ့ရှိ၏။ မည်သူ့အတွက် ဖြစ်မည်နည်း။
(ပြီး)

